ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ဗီယင်နာမြို့

# ဩစတြီးယားနိုင်ငံ၊ အယ်လ်ဘေးနီးယားနိုင်ငံ၊ လစ်သူယေးနီးယားနိုင်ငံနှင့် ဗာတီကန်မြို့ပြနိုင်ငံတို့တွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာနိုင်ငံသားများ ခွင့်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ရာတွင် ထောက်ခံစာရယူရန် အသိပေးကြေညာခြင်း

၁။ ဩစတြီးယားနိုင်ငံ၊ အယ်လ်ဘေးနီးယားနိုင်ငံ၊ လစ်သူယေးနီးယားနိုင်ငံနှင့် ဗာတီကန်မြို့ပြနိုင်ငံတို့တွင် အလုပ်လုပ်ကိုင်နေသည့် မြန်မာအလုပ်သမားများ မြန်မာနိုင်ငံသို့ ခွင့်ဖြင့် ခေတ္တပြန်စဉ် OWIC ကတ် (Overseas Worker Identification Card) ကိစ္စရပ်များ ဆောင်ရွက်ရာ၌ လုပ်ငန်းစဉ် ပိုမိုမြန်ဆန်စေရန်အတွက် ခွင့်ပြန်အလုပ်သမားများ၏ အလုပ်လုပ်ကိုင်မှု၊ ခွင့်ဖြင့်အမှန်တကယ်ပြန်လည်ဝင်ရောက်မှု စသည့် လုပ်ငန်းခွင်ဆိုင်ရာ အချက်အလက်များနှင့် ကုမ္ပဏီ/အလုပ်ရှင်ထံမှခွင့်စာတို့ကို စိစစ်လျက် ထောက်ခံစာများကို ၁-၅-၂၀၂၆ ရက်မှစတင်၍ ဗီယင်နာမြို့ရှိ မြန်မာသံရုံးတွင် ထုတ်ပေးလျက်ရှိကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အလုပ်သမားဝန်ကြီးဌာန၏ လိုအပ်ချက်နှင့်အညီ မြန်မာသံရုံး၌ ထောက်ခံစာရယူရာတွင် အောက်ဖော်ပြပါ စာရွက်စာတမ်းများကို တစ်ပါတည်းတင်ပြရန် လိုအပ်ပါသည်-

(က) ကိုယ်ရေးလျှောက်လွှာ (Form)

(ခ) မြန်မာနိုင်ငံကူးလက်မှတ် (မိတ္တူ)

(ဂ) နိုင်ငံသား စိစစ်ရေးကတ်ပြား (မိတ္တူ)

(ဃ) သက်တမ်းရှိ OWIC ကတ် ရှေ့/နောက် (မိတ္တူ)

(OWIC ကတ်လျှောက်ထားခဲ့စဉ်က တင်ပြခဲ့သည့် လုပ်ငန်းခွင်မှ အခြားလုပ်ငန်းခွင်သို့ ပြောင်းလဲလုပ်ကိုင်ခဲ့ပါက အလုပ်ပြောင်းရွှေ့စာ ပူးတွဲတင်ပြရန် လိုအပ်ပါမည်။ ထို့ပြင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်တွင် OWIC ကတ်အား အသစ်ပြန်လည်လျှောက်ထားရမည်ဖြစ်ပါသည်။ အလားတူ OWIC ကတ်မရှိသေးသူများသည် မြန်မာနိုင်ငံသို့ ခွင့်ဖြင့် ပြန်ရောက်စဉ် ခွင့်ရက်အတွင်း OWIC ကတ် အချိန်မီလျှောက်ထားရရှိနိုင်ရန်အတွက် အလုပ်သမားဝန်ကြီးဌာန၌ အမြန်ဆောင်ရွက်ရမည်ဖြစ်ပါသည်။)

(င) အမြဲတမ်းနေထိုင်ခွင့်ကတ် (သို့မဟုတ်) အလုပ်လုပ်ကိုင်ခွင့်ကတ် (သို့မဟုတ်) ဗီဇာ(မိတ္တူ)

(စ) ခွင့်အမျိုးအစားနှင့် ခွင့်ကာလတို့ ဖော်ပြပါရှိသည့် ကုမ္ပဏီ/ဌာန/အလုပ်ရှင်၏ ခွင့်ပြုစာ

(ဆ) ကုမ္ပဏီလုပ်ငန်းသို့ ဆက်သွယ်နိုင်မည့်အချက်အလက်များ၊

(ဇ) ကိုယ်ရေးရာဇဝင်ပုံစံ (Form PDF) (ယခင်သံရုံးသို့ ပေးပို့ခြင်းမရှိသေးပါက)

၃။ အဆိုပါ ထောက်ခံစာ လျှောက်ထားသူများသည် အထက်ဖော်ပြပါ စာရွက်စာတမ်း အပြည့်အစုံဖြင့် အောက်ဖော်ပြပါ သံရုံးလိပ်စာနှင့် အီးမေးလ်လိပ်စာများသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက် (သို့မဟုတ်) အီးမေးလ်မှတစ်ဆင့်ဖြစ်စေ လျှောက်ထားနိုင်ပါကြောင်းနှင့် ထောက်ခံစာ တစ်စောင်အတွက် ယူရို ၂၅/– တိတိ ကျသင့်မည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်–

| | |
|---|---|
| မြန်မာသံရုံးလိပ်စာ၊ | Andromeda Tower, Donau–City–Straße 6/<br>Top 9.OG/1, 1220 Wien |
| ရုံးချိန်၊ | (၁၀ ၀၀– ၁၂ ၀၀ နာရီ၊ ၁၃ ၀၀– ၁၅ ၀၀ နာရီအတွင်း) |
| အီးမေးလ်၊ | office@myanmarembvienna.at |
| ဖုန်းနံပါတ်၊ | (+43) 1 26 69 105 16 နှင့် (+43) 1 2669 105 18 |

မြန်မာသံရုံး၊ ဗီယင်နာမြို့

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ မေလ ၆ ရက်